
# စိုက်ပျိုးရေးသုတေသနဦးစီးဌာန

# မြေဆီလွှာကျန်းမာရေးအတွက် သြဂဲနစ်မြေဆွေးပြုလုပ်အသုံးပြုခြင်း




ဒေါက်တာထွေးမင်းသန့်

သုတေသနအရာရှိ

၀၉-၇၉၇၇၁၁၉၇၇

drhmthant@gmail.com




၂၀၂၄ ခုနှစ်၊ ဩဂုတ်လ။

စုဝေးခန်းမ

# တင်ပြမည့်အကြောင်းအရာများ

- ❖ မြေဆွေး
- ❖ မြေဆွေးအမျိုးအစား
- ❖ လေပေးစနစ်မြေဆွေး
- ❖ ဩဂဲနစ်သုတေသနတွင် အသုံးချဆောင်ရွက်ထားရှိမှု

# နိဒါန်း

- မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးမှထုတ်လုပ်သော စွန့်ပစ် ပစ္စည်းများသည်လည်း တစ်နှစ်ထက်တစ်နှစ်များပြားလာလျက်ရှိနေပါသည်။
- စိုက်ပျိုးရေး ဆိုင်ရာစွန့်ပစ် ပစ္စည်းဆိုသည်မှာ ကောက်ရိုး၊ ရိုးပြတ်၊ စပါးခွံ၊ ပြောင်းဖူးအူတိုင်များ၊ အခွံများ၊ ကြံကြိတ်ဖတ်များ စသဖြင့်ပါဝင်ပါသည်။
- ထို့အပြင် မီးဖိုချောင်တွင်အသုံးပြုပြီး စွန့်ပစ်သော စားဖိုဆောင်အကြွင်းအကျန်များသည် လည်း လူဦးရေအိမ်ထောင်စုများ များပြားလာသည်နှင့် အမျှ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုများ သည်လည်း များပြားလျက်ရှိပါသည်။
- ၎င်းစွန့်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်၊  လူသားများ၏ ကျန်းမာရေး နှင့် အဆိပ်အတောက်ဖြစ်စေပြီး  ထိခိုက်စေ နိုင်ပါသည်။
- စိုက်ခင်းများနှင့် မီးဖိုချောင်မှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်း များသည် တဖြည်းဖြည်းစုပုံလာပါက ပတ်ဝန်းကျင်ကိုညစ်ညမ်းစေနိုင်ပါသည်။

- ၎င်းပစ္စည်းများ ကို ကောင်းစွာ စီမံခန့်ခွဲမှုမရှိပါက စိုက်ပျိုးမြေများအပေါ်ထိခိုက်မှုများ ရှိလာပြီး စီမံခန့်ခွဲရာတွင် ကုန်ကျစရိတ်များ ရှိလာနိုင်ပါသည်။
- ထို့ကြောင့် circular economy ဟူသော စွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာပြန်လည်အသုံးပြုပြီး သန့်ရှင်းသောပတ်ဝန်းကျင်၊ စားသုံးမှုလုံခြုံစိတ်ချရ သော **စိုက်ပျိုးရေးဆိုင်ရာ သံသရာလည်ပတ်မှုစနစ်ကို အကောင်အထည်ဖော်အသုံးချခြင်း နည်းပညာ**သည်လည်း အရေးပါလာပါသည်။
- ထို့အပြင် ဓါတုမြေဩဇာများ၏ ဈေးနှုန်းများမြင့်မားလာသဖြင့် တောင်သူများစီးပွားရေး တွက် ခြေကိုက်မှုကိုလည်း ထိခိုက်လာပါသည်
- စွန့်ပစ်ပစ္စည်းများကို တန်ဖိုးရှိစွာအသုံးပြုကာ မြေဆွေးပြုလုပ်သုံးစွဲခြင်း။ (သဘာဝပတ်ဝန်းကျင်သန့်ရှင်း/သွင်းအားစုလျှော့ချ/လုံခြုံစိတ်ချရသောထွက်ကုန်အစားအစာ/ကျန်းမာသန်စွမ်းသောဘဝ)

# မြေဆွေးဆိုတာဘာလဲ၊ ဘာကြောင့်သုံးသင့်သလဲ????

❖ ဇီဝဓါတုဖြစ်စဉ် – အကျိုးပြုသက်ရှိများ (လေရှိ/လေမဲ့) များ၏ အသုံးချမှုကြောင့် အပင်အကြွင်းအကျန်များကိုဆွေးမြေ့စေပြီး မြေဆီအာဟာရကို တိုးတက်စေနိုင်သော အနက်ရောင် (အညို)၊ မြေသား အစိုင်အခဲငယ်များကို ဆိုလိုပါသည်။



## အကျိုးကျေးဇူးများ

❖ မြေဆီအာဟာရ၊ မြေကြီးဖွဲ့စည်းပုံပြင်ပသွင်ပြင်၊ လေဝင်လေထွက်၊ ရေထိန်းအားကို တိုးတက်ကောင်းမွန်စေ။

❖ မြေစေးများကို ဖွယ်စေပြီး၊ သဲမြေများတွင် ရေထိန်းအားကောင်းစေ။

❖ မြေဆီထက်သန်စေပြီး၊ အမြစ်ဖွံ့ဖြိုးမှုကောင်းစေ။

❖ သက်ရှိအဏုဇီဝများကို နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ ဖော့စပါးရပ်၊ သတ္တုဓါတ်များ ထောက်ပံ့ပေးနိုင်

# မြေဆွေးဖြစ်စဉ်အဆင့်ဆင့်

- မြေတွင်းရှိအကျိုးပြုအဏုဇီဝများမှ သဘာဝဖြစ်စဉ်အားဖြင့် သြဂဲနစ်ပစ္စည်းများ ကို သြဂဲနစ်မဟုတ်တဲ့ပစ္စည်းများအဖြစ် ပြောင်းလဲပေးခြင်းပင်ဖြစ်ပါသည်။
- သက်ရှိများသည် ၎င်းတို့၏ အသက်ရှုခြင်းဆိုင်ရာဇီဝဖြစ်စဉ်များအတွက် လိုအပ် သော ရွေ့လျားမှု၊ ကြီးထွားမှု၊ မျိုးပွားမှုနှင့် စွမ်းအင်သိုလှောင်ခြင်းများအတွက် သြဂဲနစ်ပစ္စည်းများကို စားသုံးပြီး စွမ်းအင်များကိုထုတ်လွှတ်ပေးကြပါသည်။
- ၎င်းဖြစ်စဉ်မှ သြဂဲနစ်မဟုတ်တဲ့ပစ္စည်းများကို စွန့်ထုတ်ပြီး မြေဆီအာဟာရကို တိုးတက်ကောင်းမွန်စေပါသည်။
- ၎င်းသက်ရှိများ သေဆုံးသွားပါကလည်း မြေဆွေးပုံအတွက် သြဂဲနစ်ပစ္စည်းများ အဖြစ် ဖြည့်ပေးကြပါသည်။

# မြေဆွေး ဆွေးမြေ့မှုဖြစ်စဉ်ကို လွှမ်းမိုးထားသော အချက်များ

၁။ အပူချိန်

၂။ အစိုဓါတ်

၃။ ဆွေးမြေ့စေမည့် ပစ္စည်း၏အရွယ်အစား

၄။ ကာဗွန်နှင့် နိုင်ထရိုဂျင်အချိုး (အဝါ/အညိုနှင့် အစိမ်း)

၅။ လေဝင် လေထွက်

၆။ မြေဆွေးပုံအရွယ်အစား

၇။ အဏုဇီဝသက်ရှိများ

## ၁။ အပူချိန်

မြေဆွေးဆွေးမြေ့ချိန်အတွင်း ဖြစ်စဉ် သုံးခုရှိပါသည်။

(1) ၁၀–၄၀ °C – မြေဆွေးပုံစတင်ပြီး အစပထမပိုင်း ရက်အနည်းငယ်

(2) < ၄၀ °C – လအနည်းငယ်ကြာမြင့်နိုင်ပါသည။

မြေဆွေးဆွေးမြေ့မှုလုပ်ဆောင်နေချိန်တွင် ရောဂါဖြစ်စေသောသက်ရှိများ

နှင့် ပေါင်းမြက်များကို သေစေနိုင်ပါသည်။

(3) ၁၀–၄၀ °C – လအနည်းငယ်ကြာနိုင်ပါသည်၊ မြေဆွေးဆွေးမြေ့မှုပြီးဆုံးကာနီး အချိန်။

## ၂။ အစိုဓါတ်

- သင့်တော်သောအစိုဓါတ်   ၄၀–၆၀%
- < ၄၀ % – အဏုဇီဝသက်ရှိများ၏လုပ်ငန်းဆောင်တာကိုနှေးကွေးစေပြီး၊   ဆွေးမြေ့မှုနှေးစေ
- > ၆၀ % – လေဝင်/လေထွက်မကောင်းပါ၊ အနံ့ဆိုးများထွက်စေပါသည်။



# ၃။ ဆွေးမြေ့စေမည့်ပစ္စည်းအရွယ်အစား

- သေးငယ်သောအရွယ်အစား - အဏုဇီဝသက်ရှိများနှင့်ထိတွေ့သောပမာဏကျယ်ဝန်း စေပြီး /လုပ်ကိုင်နိုင် /ဆွေးမြေ့မှုပိုမြန်ဆန်
- အလွန်သေးငယ်သော အရွယ်အစား - လေဝင်လေထွက်မကောင်းသဖြင့် ဆွေးမြေ့မှုကြာမြင့်စေနိုင်
- ကြီးမားသောအရွယ်အစား - မြေဆွေးဖြစ်ရန်အချိန်ကြာမြင့်နိုင်


သေးငယ်သောအရွယ်အစား


အလွန်သေးငယ်သောအရွယ်အစား


ကြီးမားသောအရွယ်အစား

## ၄။ ကာဗွန်နှင့် နိုက်ထရိုဂျင်အချိုး (အညို/အဝါ နှင့် အစိမ်းရောင်)

▪အချိုးအစားပမာဏ မျှတရန်လိုအပ်သည်။

➢သက်ရှိများမှ စွမ်းအင်အတွက် ကာဗွန်ကိုအသုံးပြုပြီး ကြီးထွားမှုနှင့် မျိုးပွားမှုများအတွက် နိုက်ထရိုဂျင်ကို အသုံးပြုပါသည်။



➢**နိုက်ထရိုဂျင်ပမာဏပိုမိုပါဝင်သောပစ္စည်းများ** – သစ်ရွက်၊ မြက်၊ တိရစ္ဆာန်အညစ်အကြေး

➢**ကာဗွန်ပမာဏပိုမိုပါဝင်သောပစ္စည်းများ** – ကောက်ရိုး၊ နှမ်းရိုး၊ ပြောင်းရိုး



➢**သင့်တော်သောအချိုးအစား** – ၃၀ : ၁

➢**ကာဗွန်ပမာဏ ၃၀ : ၁ ထက်များပါက** – ဆွေးမြေ့မှုနှေးကွေး

# အပင်အစိတ်အပိုင်းများနှင့် စွန့်ပစ်အညစ်အကြေးများအလိုက် ပါဝင်မှုအချိုးအစားများ

| အမျိုးအစား | နိုက်ထရိုဂျင် % | C/N အချိုး |
|---|---|---|
| ဇေဒါ | - | ၂၀-၃၀ |
| မုံလာဥ (တစ်ပင်လုံး) | ၁.၆ | ၂၇ |
| အာလူးအပင် | ၁.၅ | ၂၅ |
| လွှစာမှုန့် | ၀.၁၁ | ၅၁၁ |
| လွှစာအဆွေး | ၀.၂၅ | ၂၀၀-၅၀၀ |
| စပါးခွံ | ၀.၃ | ၁၂၁ |
| ပြောင်းပင် | - | ၃၀-၆၅ |
| ပဲပုပ်/ပဲဖတ် | ၇.၂-၇.၆ | ၄-၆ |
| ခရမ်းချဉ် | ၃.၃ | ၁၂ |
| ပြောင်းဖူးအူတိုင် | ၀.၆ | ၅၆-၁၂၃ |
| ပြောင်းရိုး | ၀.၆-၀.၈ | ၆၀-၇၃ |
| မြက် | ၂.၄ | ၁၂-၁၉ |
| ကြာပင် | ၂.၉ | ၁၁.၄ |
| ရေညှိ | ၁.၉ | ၁၀၀ |
| သစ်ရွက်ကြွေ | ၁ | ၅၀ |
| ဂေါ်ဖီထုပ်အရွက် | ၃.၆ | ၁၂ |
| ဟင်းရွက်များ | ၂.၇ | ၁၉ |

| အမျိုးအစား | နိုက်ထရိုဂျင် % | C/N အချိုး |
|---|---|---|
| ကြက်ချေး | ၈ | ၆-၁၅ |
| ကြက်ဆင်ချေး | ၂.၆ | ၁၆ |
| လူ့မစင် | ၅-၇ | ၅-၁၀ |
| ဝက်ချေး | ၃.၁ | ၁၄ |
| နွားချေး | ၂.၄ | ၁၉ |
| သိုးချေး | ၂.၇ | ၁၆ |
| အသားအပိုင်းအစ | ၇-၁၀ | ၂-၄ |
| မြင်းချေး | ၁.၆ | ၂၅-၃၀ |

FarmerJoint.com

## ၅။ လေဝင်လေထွက်

- လေဝင်လေထွက် ကောင်းမွန်ရန်လိုအပ်
- အဏုဇီဝသက်ရှိများရှင်သန်ရန် အောက်ဆီဂျင်လိုအပ်
- မြေဆွေးပုံအား အထက်အောက်လှန်ရန်လိုအပ်
- လေဝင်လေထွက်မကောင်းလျှင် အနံ့ဆိုးထွက်ပါသည်။

# အရည်အသွေးကောင်းမြေဆွေးများ၏ လက္ခဏာများ

❖ အညို/အရင့် အရောင်ရှိ
❖ အစိုဓါတ် ၆၈-၇၀ ရာခိုင်နှုန်း
❖ ချဉ်ငံဓါတ် ၇.၂-၇.၈
❖ အမိုးနီးယား/အနံ့ပြင်းမရှိရ
❖ ကပ်စည်း/စေး မနေရ
❖ ပိုးမွှားများမပါရှိရ
❖ ကောင်းစွာဆွေးမြေ့ပြီး
❖ အာဟာရလုံလောက်စွာပါရှိ
❖ အဏုဇီဝသက်ရှိများပါဝင်

# စိုက်ပျိုးမြေတွင် မြေဆွေးများထည့်သွင်းခြင်းဖြင့်

- အပင်အတွက်လိုအပ်သော အာဟာရဓါတ်များကိုတဖြည်းဖြည်းချင်း စားသုံးစေခြင်း
- မြေအစိုဓါတ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်ခြင်း
- အကျိုးပြုအဏုဇီဝများ ရှင်သန်ပေါက်ပွားမှု ကောင်းမွန်စေခြင်း
- မြေအရည်အသွေးတိုးတက်/ မြေဆီလွှာဖွဲ့စည်းပုံ ကောင်းမွန်စေခြင်း
- ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း
- ဓါတုဓါတ်မြေသြဇာသုံးစွဲမှုကို လျော့ချစေနိုင်ပြီး သွင်းအားစုစားရိတ်လျှော့ချနိုင်ခြင်း
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း၍ ရေရှည်မြေဆီသြဇာထက်သန်ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်





# မြေဆွေးအမျိုးအစားများ

## ၁။ Onsite Composting (တပိုင်တနိုင်မြေဆွေး)

- ❖ တပိုင်တနိုင်မြေဆွေး/မိမိစိုက်ခင်းအနီး/နေထိုင်ရာနေရာအနီးအနား။
- ❖ အမှိုက်အနည်းငယ်ချက်ခြင်း-မြေဆွေးများကို တစ်နေရာတည်းတွင် ပြုလုပ်နိုင်သည်။
- ❖ မြေဆွေးသည် လယ်/ယာစွန့်ပစ်လိုက်သော စွန့်ပစ်ပမာဏကို သိသိသာသာ လျှော့ချနိုင်သည်။
- ❖ ပတ်ဝန်းကျင်ညစ်ငြမ်းမှုကို လျှော့ချပေးနိုင်သည်။
- ❖ တိရစ္ဆာန်ထွက်ကုန်များနှင့် အစားအစာအမြောက်အမြား စွန့်ပစ်ပစ္စည်းများကို အသုံးပြုရန် မသင့်လျော်ပါ။









Source: google.image

## ၂။ Vermicompost (တီမြေဆွေး)

- ❖ အမှိုက်ပုံး/သစ်သားသေတ္တာ– တီကောင်နီများသည် မြေဆွေးဖန်တီးရန်အတွက် အစာအရိုးအကြွေများ၊ ခြံထွက်ဖြတ်စ/ညှပ်စများနှင့် အခြားသြဂဲနစ်ပစ္စည်းများကို အစာကျွေးနိုင်သည်။
- ❖ တီကောင်များသည် ဖြစ်စဉ်တစ်ခုအဖြစ်စားသုံးကာ–အရည်အသွေးမြင့် မြေဆွေးအဖြစ်သို့ ဖြို့ခွဲသည်။
- ❖ ထည့်စရာပုံးများသည် တည်ဆောက်ရ/ရှာဖွေရလွယ်ကူပြီး ဝယ်ယူရရှိနိုင်ပါသည်။
- ❖ အရွယ်ရောက်သော တီကောင်တစ်ပေါင် (တီကောင် ၈၀၀–၁၀၀၀ ခန့်) သည် တစ်နေ့လျှင် သြဂဲနစ်ပစ္စည်း ၀.၅ ပေါင် အထိ စားနိုင်သည်။
- ❖ ထည့်စရာအမှိုက်ပုံး– အစားအစာအညစ်အကြေးများ၏ ထုထည်ပမာဏနှင့် ကိုက်ညီရန် အရွယ်အစားရှိနိုင်ပါသည်။
- ❖ အများအားဖြင့် အသုံးပြုနိုင်သော မြေဆွေးများထုတ်လုပ်ရန် သုံးလမှ လေးလကြာ။
- ❖ “တီစွန့်ထုတ်ရည်” ဟုလူသိများသော vermi–tea – အိမ်အပင်များ သို့မဟုတ် ဥယျာဉ်များအတွက် အရည်အသွေးမြင့် မြေသြဇာအရည်အဖြစ် အသုံးပြုပါသည်။















# ၃။ Aerated (Turned) Windrow Composting

- လေဝင်/ထွက်–အထက်အောက်လှန်
- ပမာဏကြီးသော အစားအစာ ပြုပြင်ခြင်းလုပ်ငန်း (ဥပမာ– စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ထုပ်ပိုးသည့် စက်ရုံများ)
- မြေဆွေးပမာဏ အများအပြားထွက်ရှိမည်ဖြစ်သည်။
- ဒေသခံများအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ရရှိနိုင်စေရန် ဆောင်ရွက်ပေးနိုင်ပါသည်။
- သြဂဲနစ်အမှိုက်များကို "ပြတင်းပေါက်များ" ဟုခေါ်သော ရှည်လျားသောပုံစံ– ဖွဲ့စည်းကာ အစုအပုံများကို လက်ဖြင့် သို့မဟုတ် စက်ဖြင့် လှည့်ခြင်းဖြင့်
- စံပြပုံအမြင့်မှာ အကျယ် ၁၄ ပေမှ ၁၆ ပေကြားတွင် လေးပေမှ ရှစ်ပေကြားဖြစ်သည်။
- ဤအရွယ်အစားသည် လုံလောက်သော အပူထုတ်ပေးရန်နှင့် အပူချိန်ထိန်းထားရန် လုံလောက်သော အရွယ်အစားဖြစ်သည်။
- ခြံညှပ်စ/ဖြတ်စများ၊ အဆီများ၊ အရည်များနှင့် တိရစ္ဆာန်ထွက်ကုန်များ (ငါးနှင့် ကြက်စွန့်ပစ်ပစ္စည်းများကဲ့သို့) ကဲ့သို့သော များပြားလှသော အမှိုက်များကို ဤနည်းလမ်းဖြင့် ဆွေးမြေ့နိုင်ပါသည်။









Source: google.image

# ၄။ Aerated Static Pile/Bin မြေဆွေး (လေပေးစနစ်မြေဆွေးပုံ)

❖ Aerated static pile composting သည် မြေဆွေးကို လျင်မြန်စွာ ထုတ်ပေးသည် (သုံးလမှ ခြောက်လအတွင်း)။

❖ ၎င်းသည် ခြံအတွင်း ဖြတ်တောက်နိုင်သည့် ပမာဏကြီးမားသော အမှိုက်/ကိုင်းများနှင့် ဆွေးမြေ့နိုင်သော စည်ပင်သာယာအမှိုက်များ (ဥပမာ၊ အစားအသောက်အပိုင်းအစများ၊ စက္ကူထုတ်ကုန်များ)

❖ သို့သော် ဤနည်းလမ်းသည် တိရစ္ဆာန်ထွက်ပစ္စည်း မြေဆွေး သို့မဟုတ် အစားအစာ ပြုပြင်ရေး လုပ်ငန်းများမှ အဆီများ အတွက် ကောင်းစွာ အလုပ်မဖြစ်ပေ။

❖ ဩဂါနစ်အမှိုက်များ/စုပုံထား– လေအေးပေးရန်အတွက် လေမှုတ်စက်

❖ အထပ်လိုက် အလွှာများ (ဥပမာ– သစ်သားပြားများ၊ ခြစ်ထုတ်ထားသော သတင်းစာ) များကို အောက်ခြေမှ လေဂင်လေထွက်ကောင်းစေရန် အောက်ခြေမှ အစုအပုံ၏ ထိပ်အထိ လေဝင်လေထွက်ကောင်းစေရန် ဆောင်ရွက်ရမည်။

❖ လေမှုတ်ကိရိယာများ/ အစိုဓါတ်တိုင်းကိရိယာ / အပူချိန်အာရုံခံကိရိယာများ။









Source: google.image

## ၅။ In-Vessel Composting

- ❖ တိုင်ကီအကြီး/ထုလုံးရှည် ပုံစံမြေဆွေးပြုလုပ်ခြင်း)
- ❖ ၎င်းမြေဆွေးသည် အထက်အောက်လှန်မြေဆွေးနည်းလမ်းအတိုင်း နေရာမယူဘဲ စွန့်ပစ်အမှိုက်အများအပြားကို စီမံဆောင်ရွက်နိုင်ပြီး ဩဂဲနစ်စွန့်ပစ်ပစ္စည်း (ဥပမာ- အသား၊ တိရစ္ဆာန်အညစ်အကြေးများ၊ ဇီဝ/အစားအစာအညစ်အကြေး)
- ❖ အပူချိန်၊ အစိုဓာတ်နှင့် လေစီးဆင်းမှု - ကောင်းမွန်စွာ ထိန်းချုပ်ရန်လိုပါသည်။
- ❖ စွန့်ပစ်ပစ္စည်းကို လေအေး- စက်ဖြင့်လှည့်ခြင်း သို့မဟုတ် လက်ဖြင့်လှည့်ပေး
- ❖ အရွယ်အစားပေါ်မူတည်၍ မြေဆွေးစွမ်းရည် ကွဲပြားနိုင်သည်။
- ❖ ဤနည်းလမ်းသည် ရက်သတ္တပတ်အနည်းငယ်အတွင်း မြေဆွေးကို ထုတ်ပေးသည်။
- ❖ ရောဂါပိုးမွှားများ၏ ထိန်းချုပ်ရန်- ဟန်ချက်ညီရန် လိုအပ်ပြီး စွန့်ပစ်ပစ္စည်းအစုအပုံအေးရန် လိုအပ်သောကြောင့် ကြိုတင်အအေးခံ- ရက်သတ္တပတ်အနည်းငယ် သို့မဟုတ် လအနည်းငယ်ကြာသည်။









Source: google.image

# လေပေးစနစ်မြေဆွေးပြုလုပ်ခြင်း သုတေသန

## ရည်ရွယ်ချက်

- ❖ လေဝင်လေထွက်ကောင်းမွန်ရန်လေမှုတ်စက်များကိုအသုံးပြု၍ လယ်ယာထွက် စွန့်ပစ်ပစ္စည်း များကို မြေဆွေးပြုလုပ်အသုံးချရန်။
- ❖ လယ်ယာစွန့်ပစ်ပစ္စည်းနှင့် မီးဖိုချောင်သုံးစွန်ပစ်ပစ္စည်းအမျိုးမျိုး အပေါ် ဆွေးမြေ့ရန် ကြာချိန်နှင့်   မြေဆွေးအရည်အသွေးကို နှိုင်းယှဉ်ရန်။
- ❖ အသုံးပြုသော လယ်ယာစွန့်ပစ်ပစ္စည်းနှင့် မီးဖိုချောင်သုံးစွန်ပစ်ပစ္စည်း အမျိုးအစားအလိုက် အပင်အတွက်လိုအပ်သည့် အာဟာရဓာတ်များ ပါဝင်မှုကို သိရှိရန်။
- ❖ မြေဆွေးစွန့်ထုတ်ရည်အမျိုးမျိုး၏ အာဟာရပါဝင်မှုနှင့် အကျိုးအာနိသင် ကိုသိ ရှိလေ့လာရန်။

# ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ခံသည့်နည်းလမ်း

ဆောင်ရွက်သည့်နေရာ– သစ်သီးဝလံသုတေသနစိုက်ခင်း (ဩဂဲနစ်သုတေသနစိုက်ခင်း)

စတင်ဆောင်ရွက်ခဲ့သည့်ကာလ– ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ။

❖ မြေဆွေးသုတေသနအတွက် လိုအပ်သော တဲ (အလျား ၂၀ ပေနှင့် အနံ ၈ ပေ၊ အမြင့် ၄ ပေရှိ မြေဆွေးကန်) အတွက် အမိုးအကာအဖြစ် အလျား၂၅ ပေ အနံ ၁၂ ပေ၊ တာလပတ်အစဖြင့်အမိုးပြုလုပ်ထားသော ယာယီရွက်ဖျင် တဲကို သံတိုင် (hollow) များဖြင့် တည်ဆောက်ခဲ့ပါသည်။

❖ ကုန်ကြမ်းများအတွက် အလျား ၃၀ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေ သက်ကယ်မိုး၊ ကွန်ကရိအခင်း။

❖ ကွန်ကရိအခင်း၊ ပတ်လည်အုတ်စီရေမြောင်းများဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ မြေဆွေးစွန့်ထုတ်ရည် (Compost Tea) များရရှိရန်အတွက် ကွန်ကရိမြောင်းငယ်များကို ထည့် သွင်းသွားမည်ဖြစ်ပါသည်။

❖ ကုန်ကြမ်းများကြိတ်ခွဲ/ဖြတ်တောက်ရန် grinding machine with motor (၁၀ တောင်း/နာရီ)

- မြေဆွေးကန်၏ လေဝင်/ထွက်အတွက် အင်ဂျင်ပါဝါ (သို့) လျှပ်စစ် အားကို အသုံးပြု ကာ လေမှုတ်စက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။
- စွန့်ပစ်ပစ္စည်းများကို မော်တာတပ်ဆင်ထားသောအစာစဉ်းစက်အသုံးပြုပြီး မြေဆွေးကန်အတွင်းသို့ ထည့်သွင်းခဲ့ပါသည်။
- ကာဗွန်ပါဝင်သော (အညိုရောင်) စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ သစ်ရွက်/ ကိုင်းခြောက် စသည်တို့နှင့် နိုက်ထရိုဂျင်ပါဝင်သော (အစိမ်းရောင်) စွန့်ပစ်ပစ္စည်း အစိုများဖြစ် သည့် ဟင်းသီး/ရွက်အကြွင်းအကျန်များ၊ သစ်ရွက်စိမ်းများ၊ မြက်အစိုများ ကို အလှည့်ကျစနစ်ဖြင့် တွက်ချက်စီစစ်ကာ အလွှာလိုက်ထည့်သွင်းပါသည်။ (၃၀ အချိုး ၁ ဖြင့်ထည့်သွင်းခဲ့ပါသည်)
- မြေဆွေးကန်အစိုဓါတ်ရရှိရန်အတွက် ရေလောင်းပေးခြင်းကို လိုအပ်သလိုဆောင် ရွက်မည်ဖြစ်ပါသည်။ သုံးလလျှင်တစ်ကြိမ် နှုန်းဖြင့် စုစုပေါင်း တစ်နှစ်လျှင် ၃-၄ ကြိမ်ဆောင်ရွက်မည်ဖြစ်ပါသည်။

## စမ်းသပ်ချက်များ

အသုံးပြုခဲ့သည့်လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ

- ❖ ကောက်ရိုး
- ❖ ပြောင်းရိုး
- ❖ နှမ်းရိုး/ပဲရိုး/နေကြာရိုး
- ❖ ကတောက်ဆပ်
- ❖ မြက်အမှိုက်အစို/အခြောက်များ
- ❖ မီးဖိုချောင်စွန့်ပစ်ပစ္စည်းများ

အချိုးအစားအမျိုးမျိုးအသုံးပြုကာ ထည့်သွင်းဆောင်ရွက်ပါမည် (C:N အချိုးကိုတွက်ချက်ကာ အသုံးပြုမည်ဖြစ်ပါသည်)

# လေပေးစနစ်မြေဆွေးအတွက် ကုန်ကြမ်းများစုဆောင်းခြင်းနှင့် ကုန်ကြမ်းထားရှိရန်ယာယီတဲ









# Aerated Static Compost Bin Design (အလျား ၂၀ပေ၊ အနံ ၈ပေ၊ အမြင့် ၄ ပေ) အောက်ခံကွန်ကရိလောင်း၊ Composite အကာအရန်များ၊ လေမှုတ်စက်နှင့် လေပေးစနစ်ပိုက်လိုင်းများတပ်ဆင်ခြင်း









# ကောက်ရိုး၊ ဗေဒါ/မြက်စိမ်း/ဟင်းသီး/ရွက်၊ နွားချေးအလွှာလိုက်ထည့်သွင်းခြင်း (Composite Compost)









## ကောက်ရိုး၊ ဗေဒါ/မြက်စိမ်း/ဟင်းသီး/ရွက်၊ နွားချေးအလွှာလိုက်ထည့်သွင်းခြင်း (သံဇကာ/မိုးကာ Compost)









# မှတ်တမ်းများကောက်ယူခြင်း










# မြေဆွေးများစတင်ဖော်ထုတ်ခြင်း၊ အခြောက်ခံ၊ဇကာချ၊ အိတ်သွတ်ခြင်း (၆၅ ရက်)











# လေပေးစနစ်မြေဆွေး ဓါတ်ခွဲစမ်းသပ်ထားမှုနှင့် ၂၀ ကီလိုဂရမ်နှစ်ထပ်အိပ်များဖြင့် သိမ်းဆည်းထားရှိမှု







# မြေဆွေးပြုလုပ်မည့် စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက်/ အလွှာအလိုက်ထည့်သွင်း ပြုလုပ်သည့်ပုံစံ







စိုက်ပျိုးရေးသုတေသနဦးစီးဌာန
ဩဂဲနစ်သုတေသနဗဟိုဌာန (၁၀.၀၀) ဧကစိုက်ခင်း တည်နေရာပြမြေပုံ
ဩဂဲနစ်ပဟင်းသီး/ရွက်စိုက်ခင်း
သဘာဝရွက်ဖျန်းရည်/ပိုးနှင်ဆေးသုတေသန
ရေကျောက်ခက်သုတေသန
ဇီဝမြေဆွေးသုတေသန
တီမြေဆွေးသုတေသန
ရေတွင်း/ရေစင်
လုပ်ကူးသင်တတ်တား
ကွန်ကရိတ်တား
ကွင်းဆိုင်းဘုတ်
ရှင်းလင်းဆောင်
ဘုန်းကြီးကျောင်း
ငှက်ပျောသုတေသနစိုက်ခင်း
ပိန္နဲ၊ မာလကာ၊ ဇီး (ဆီး) သုတေသနစိုက်ခင်း
ရှောက်၊ သံပုရာသုတေသနစိုက်ခင်း
ဂွါကောသုတေသနစိုက်ခင်း
ဈေး
အထကကျောင်းသို့
ရှေ့
သစ်သီးဝလံဩဂဲနစ်သုတေသန(၀.၅၀) ဧက
ဂေါ်မွှသီးနှံဩဂဲနစ်သုတေသန(၀.၅၀) ဧက
စိန်ပန်းမြိုင်ရပ်ကွက်
အခြားနှံစားသီးနှံဩဂဲနစ်သုတေသန(၀.၅၀) ဧက
ဆီထွက်သီးနှံဩဂဲနစ်သုတေသန(၀.၅၀) ဧက
ပဲမျိုးစုံသီးနှံဩဂဲနစ်သုတေသန(၀.၅၀) ဧက
လယ်/ယာစပါးဩဂဲနစ်သုတေသန(၀.၅၀) ဧက
ကွင်းပတ်လမ်း
ဧရိယာစုစုပေါင်း = ၁၀.၀၀ ဧက
လယ်/ယာ = ၃.၀၀ ဧက
တောင်စောင်း = ၇.၀၀ ဧက
ကွန်ကရိလမ်းကြီး
ဝင်/ထွက်ပေါက်
စိမ်းလန်းကွင်းရုံ
ကွန်ကရိလမ်းကြီး
အထကကျောင်းသို့
လေပေးစနစ်မြေဆွေးကန်တည်
ဆောက်မည့်လျာထားနေရာ

## မှတ်တမ်းကောက်ယူခြင်း

၁။ အပူချိန် (သုံးရက်တစ်ကြိမ်)

၂။ စိုထိုင်းဆ(သုံးရက်တစ်ကြိမ်)

၃။ အချဉ်အငံဓါတ်-pH(သုံးရက်တစ်ကြိမ်)

၄။ ဆွေးမြေ့ရန်ကြာချိန်

၅။ အကျိုးပြုအဏုဇီဝသက်ရှိပါဝင်မှုအမျိုးအစား

၆။ မြေဆွေးတွင်ပါဝင်သော အာဟာရဓါတ်များ (နိုက်ထရိုဂျင်၊ ဖော့စ်ဖောရပ်စ်၊ ပိုတက်ရှ်၊ Organic Matter%)

၇။ စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် မြေဆွေးစွန့်ထုတ်ရည်ပမာဏနှင့် အာဟာရဓါတ်ပါဝင်မှုကို တိုင်းတာခြင်း (နိုက်ထရိုဂျင်၊ ဖော့စ်ဖောရပ်စ်၊ ပိုတက်ရှ်၊ Organic Matter%)

၈။ အစိုဓါတ်ရာခိုင်နှုန်း

၉။ အထွက်နှုန်း (မြေဆွေးပမာဏ ကီလို/bin)

## ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဌာနများ

- ❖ စိုက်ပျိုးရေးအဏုဇီဝသိပ္ပံ၊ မှတ်တမ်းကောက်ယူရေးအဖွဲ့
  (အကျိုးပြုအဏုဇီဝသက်ရှိပါဝင်မှုကို ခွဲခြမ်းစိစစ်တိုင်းတာရန်)
- ❖ စိုက်ပျိုးရေးအင်ဂျင်နီယာ/ပြင်ဆင်ထိန်းသိမ်းရေးနှင့်
  လမ်းတံတား/ရေမီးဆက်သွယ်ရေး ဌာနစုမှား
  (Aerated–Static Bin၊ လေမှုတ်စက်၊ ကွန်ကရိအခင်း၊
တဲများဆောက်လုပ်ခြင်း၊ စက်များတပ်ဆင်၊ ရေမီးမလိုင်းများတပ်ဆင်ခြင်း)


## မျှော်မှန်းချက်/နိဂုံး

- ❖ လယ်ယာထွက်စွန့်ပစ္စည်းအခြေခံသဘာဝမြေဆွေးများကို ပြုလုပ်အသုံးပြုခြင်းဖြင့် တောင်သူများလက်ရှိ အသုံးပြုနေသော ဓါတုဗေဒပိုးသတ်ဆေး၊ မြေဩဇာများအတွက် ကုန်ကျစ ရိတ်များကို လျော့ချစေနိုင်ပြီး ဝင်ငွေများလည်း တိုးတက်လာစေမည်ဖြစ်ပါ သည်။
- ❖ တဖက်မှ လည်း  အစားအစာလုံခြုံမှုနှင့် စားသုံးရန်စိတ်ချရမှု စသည်တို့ကိုလည်း တိုးတက်ကောင်းမွန် စေမည်ဖြစ်ပါသည်။ မြေဆီအာဟာရပြန်လည်ဖြည့်တင်းခြင်း (Replenishing Organic Matter) ဖြင့် မြေဆီလွှာအာဟာရကို ရေရှည်ထိန်းသိမ်းနိုင်ပြီး ထုတ်လုပ်မှုကို တိုးတက်မြင့်မားစေ မည်ဖြစ်ပါသည်။
- ❖ ယနေ့ ကမ္ဘာကြီး တွင် ခြိမ်းခြောက်လျက်ရှိသော စိုက်ပျိုးရေး ဆိုင်ရာထွက်ကုန် များတွင် ဓာတုဓါတ်ကြွင်း အာနိသင်ကျန်ရှိနေမှုပြဿနာသည် လူသားတို့၏ကျန်းမာရေး အတွက် အလွန်ပင်အရေးကြီးလျက် ရှိနေပါသည်။

- ပြည်ပပို့ကုန်သီးနှံများတွင်လည်း ဓါတ်ကြွင်း အာနိသင်ပြဿနာကြောင့် ပို့ကုန် အတွက်ထိခိုက်နှစ်နာမှုများ စီးပွားရေးအရဆုံးရှုံးရမှုများကို စိုက်ပျိုးသူတောင် သူများ၊ ကုန်သည် များလည်း ထိခိုက်ခံစားနေကြရပါသည်။
- သဘာဝမြေဆွေး များပြုလုပ် သုံးစွဲခြင်းဖြင့်လည်း အထက်ပါပြဿနာများကို ပြေလည်စေမည်ဖြစ်ပြီး စားသုံးသူ၊ စိုက်ပျိုးသူ၊ ကုန်သည်များ မှသည် နိုင်ငံတော်အထိ အကျိုးများစွာရှိစေမည်ဖြစ်ပါသည်။
- ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာစွန့်ပစ်ပစ္စည်းများ၊ စားဖိုဆောင်သုံးစွန့်ပစ်ပစ္စည်း များ ကိုအသုံး ပြုပြီး မြေဆွေးပုံများအမြန်ဆုံးအကောင်အထည်ဖော်ပြုလုပ် သုံးစွဲကြရန် လိုအပ်လျက်ရှိပါ သဖြင့် ယခုသုတေသနကို ဆောင်ရွက်ရခြင်းဖြစ်ပါ သည်။

# တွေ့ရှိချက်များ

## လေပေးစနစ်မြေဆွေးပုံဖြစ်စဉ် အတွင်း အပူချိန်၊ စိုထိုင်းဆနှင့်ချဉ်ငံဓါတ်ပြောင်းလဲမှု ကနဦးတွေ့ရှိချက်




Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း

Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း


Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း

အပူချိန် ၅၀ °C အထိရောက်ရှိ (D2 D5)

အနိမ့်ဆုံး ၃၅ °C တွင် ရှိ

Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း

အပူချိန် ၃၀ °C ဝန်းကျင်သာရှိ




Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း


Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း

Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း

အစိုဓါတ် > ၇၀ % မှ စတင် D5 > ၄၅ ရောက်ရှိ D31 ၆၅ အထိပြန်တက်

Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း

အစိုဓါတ် > ၆၅ % မှ စတင် D6 > ၇၅ ရောက်ရှိ D31 ၆၀ ဝန်းကျင်ထိန်းထား




Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း

Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း

Compost I = သံဇကာ/မိုးကာဖြင့်ပြုလုပ်ခြင်း

မူလ pH 8.5  ဖြည်းဖြည်းခြင်း တောက်လျှောက်ကျဆင်း D34 > 6.5

Compost II = Composite ဖြင့်အကာအရန်ပြုလုပ်ခြင်း

မူလ pH  7.0 မှ စတင် တက်/ကျ ပြင်းထန် D25 > 5.5 အထိရောက်ရှိ D34 7.0 ပြန်ရောက်

# မြေဆွေးအမျိုးမျိုးတို့၏ နမူနာများမှ အာဟာရပါဝင်မှု တွေ့ရှိချက်များ

| စဉ် | မြေဆွေးနမူနာ | ဩဂဲနစ် ပစ္စည်းများ % | နိုက်ထရိုဂျင် % | ဖော့စ်ဖေါ့ပါးရပ် % | ပိုတက်ရှ် % | အစိုဓါတ် % | ကာဗွန် : နိုက်ထရိုဂျင် |
|---|---|---|---|---|---|---|---|
| ၁။ | လေပေးစနစ်မြေဆွေး | ၁၉.၁၃ | ၁.၈၆ | ၁.၀၇ | ၀.၅၈ | ၇၄.၅၈ | ၅.၉၆ |
| ၂။ | ဇီဝမြေဆွေး* | ၁၉.၀၀ | ၀.၄၁ | ၀.၁၂ | ၀.၃၆ | ၆၅.၂၃ | ၇.၅၄ |
| ၃။ | တီမြေဆွေး | ၁၁.၉ | ၀.၈၄ | ၀.၆၆ | ၁၄.၂၉ | ၆၄.၂၇ | ၆.၉၆ |

OM= Loss of weight in ignition

N= Kjedahl digestion and distillation method

P= UV-VIS Spectrophotometer

K= Atomic Absorption Spectrophotometer

* = ထရိုင်နိုဒါးမား ၁၀၇

# မြေဆွေးအမျိုးမျိုး ဓါတ်ခွဲစမ်းသပ်ထားမှု









# အကြီးအကဲများမှ လမ်းညွှန်မှာကြားခြင်း၊









# ဧည့်သည်တော်များ၊ ကျောင်းသား/သူများ၊ တောင်သူများ၊ ပြည်တွင်းအဖွဲ့အစည်းများမှ လေ့လာရေးလာရောက်ခြင်း









# တီမြေဆွေးပြုလုပ်ပုံအဆင့်ဆင့်

## (၆×၄×၃) ပေအုတ်ကန်












တီမြေဆွေး (၂-၃ လအကြာ)
၀.၅-၁.၅ တန်



# တီစွန့်ရည်ထုတ်လုပ်ပုံအဆင့်ဆင့်

## (၆×၄×၃) ပေအုတ်ကန်



ကျောက်စရစ်လျောစောက်ခင်း (၆'')



ဌက်ပျောခုတ်စင်း(၆'')+ နွားချေး(၁'') ဖြန့်ခင်း

ဌက်ပျောခုတ်စင်း+ နွားချေး
အုတ်ကန်ပြည့်ထည့်သွင်း



တီကောင်ထည့်သွင်းခြင်း (၃၀၀-၅၀၀)






တီစွန့်ရည်စတင်ခံယူခြင်း (၃ပတ်အကြာ)



# တီစွန့်ထုတ်ရည်နှင့် မြေဆွေးအသုံးချခြင်း



# သီးနှံသုတေသနများဆောင်ရွက်နေမှုမှတ်တမ်းများ





တီမြေဆွေးထည့်သွင်းပြီး
တီစွန့်ရည်ပက်ဖျန်းခြင်း









သုတေသနမှတ်တမ်းများကောက်ယူခြင်း

## ဇယား– မြေဆွေးအမျိုးမျိုးထည့်သွင်းခြင်းဖြင့် စုစုပေါင်းသီးလုံးအရေအတွက်နှင့် အလေးချိန်အပေါ် အကျိုးသက်ရောက်မှု

| သီးနှံ | သဘာဝမြေဆွေး | | ဇီဝမြေဆွေး | | တီမြေဆွေး | | ဗလာ | |
|---|---|---|---|---|---|---|---|---|
| | အသီးအရေအတွက် | အလေးချိန် (ကီလို) | အသီးအရေအတွက် | အလေးချိန် (ကီလို) | အသီးအရေအတွက် | အလေးချိန် (ကီလို) | အသီးအရေအတွက် | အလေးချိန် (ကီလို) |
| ဗူး | ၈ | ၁၅.၃ | ၁၂ | ၂၂.၅ | ၁၃ | ၂၃.၈ | ၄ | ၉.၆ |
| ရွှေဖရုံ | ၉ | ၁၈.၂ | ၁၄ | ၂၅.၀ | ၁၄ | ၂၆.၃ | ၈ | ၈.၇ |
| ကျောက်ဖရုံ | ၁၂ | ၂၀.၃ | ၁၈ | ၂၈.၃ | ၂၁ | ၂၇.၂ | ၁၀ | ၁၀.၂ |
| CV% | ၂၃.၂ | ၂၁.၅ | ၁၉.၈ | ၂၁.၀ | ၃၀.၂ | ၄၀.၅ | ၃၉.၅ | ၃၂.၁ |
| မြေဆွေး | ** | ** | * | ** | ** | ** | * | * |
| သီးနှံ | * | ** | * | ** | ** | ** | ** | * |
| မြေဆွေး x သီးနှံ | * | * | * | ** | ** | ** | ** | ** |









# ဩဂဲနစ်စင်တင်သီးနှံသုတေသန
# စမ်းသပ်ကွက်
# ဆောင်ရွက်မှုများ












# ကျေးဇူးတင်ပါသည်။



